# သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်



*သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း မြင်တွေ့ရသောတောင်တန်းများ*

တောအူး (Taw-Oo) ခရိုင်အတွင်းရှိ ဌာနေကရင်တိုင်းရင်းသားလူမျိုးများအပေါ် ဗမာလူမျိုးကြီးဝါဒ၏ နှစ်ပေါင်းများစွာသောဖိနှိပ်မှု၊ အကြမ်းဖက်မှု၊ နှင့် သဘာဝသယံဇာတအမြတ်ထုတ်သုံးစွဲလာမှုများကြောင့် ယခုအချိန်တွင် တောအူး (Taw-Oo) ခရိုင်အတွင်းရှိ ကရင်မျိုးနွယ်စု (၈) ဖွဲ့သည် အတူတကွစုစည်းပူးပေါင်းကာ မိမိတို့တိုင်းရင်းသားလူမျိုးလိုက်နာကျင့်သုံး လျက်ရှိသော ရိုးရာဓလေ့ထုံးတမ်းယဉ်ကျေးမှုအခွင့်အရေးများကို ကာကွယ်ရန်အတွက် လုပ်ဆောင်နေပြီဖြစ်သည်။

ကျွန်ုပ်တို့သည် မြန်မာအစိုးရအဆက်ဆက်၏ ဖိနှိပ်ချုပ်ချယ်အုပ်ချုပ်မှု အမျိုးမျိုးကို နေထိုင်ဖြတ်သန်းလာခဲ့ရပြီး စစ်စိုးရ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည်လည်း ကျွန်ုပ်တို့ဌာနေတိုင်းရင်းသားတို့ကို ကိုယ်စားပြုခြင်းမရှိသလို ကျွန်ုပ်တို့၏ လိုအင်ဆန္ဒနှင့်လိုက်လျောညီထွေသည့် အာမခံချက်တစ်စုံတစ်ရာပေးခြင်းမရှိပါ။ ထို့ပြင် မြန်မာအစိုးရ၏မြေယာမူဝါဒနှင့် ဥပဒေများက ကျွန်ုပ်တို့ဌာနေတိုင်းရင်းသားတို့၏ မြေယာ၊ သစ်တော၊ နှင့် မြစ်ချောင်းအင်းအိုင်များအတွက် ကြီးမားသောခြိမ်းခြောက်မှုဖြစ်သည်။ ထို့ပြင် အကြီးစားသစ်ထုတ်လုပ်မှုများက သဘာဝသယံဇာတများနှင့်ကြွယ်ဝလှပသော တောအူးခရိုင် ၏ရေမြေ တောတောင်သဘာဝများကို ပြုန်းတီးပျက်စီးစေခဲ့ပြီး ဒေသခံဌာနေတိုင်းရင်းသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား ရှိနေသောနက်ရှိုင်းသည့်ပတ်သက်ဆက်နွယ်မှုများကိုလည်း နှောင့်ယှက်ဖျက်စီးခဲ့သည်။

ဤအရာများကိုတုံ့ပြန်သည့်အနေဖြင့် တောအူးခရိုင်ခေါင်းဆောင်များသည် သစ်တောထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို စတင်လုပ်ဆောင်လာခဲ့ပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် ရပ်ရွာလူထုခေါင်းဆောင်များနှင့် ရွာသူရွာသားများသည် ဌာနေတိုင်းရင်းသားတို့၏အခွင့်အရေးတို့ကိုကာကွယ်ရန်နှင့် ကျွန်ုပ်တို့၏ဘဝအနာဂတ်အတွက် သောသီတောအူးဟုခေါ်သော ဌာနေတိုင်းရင်းသားများဥယျာဉ်တစ်ခုကို တည်ထောင်ရန် သန္နိဋ္ဌာန်ချခဲ့သည်။ သူတို့၏ မျှော်မှန်းချက်မှာ အလွန်အရေးပါထူးခြားသော မတူကွဲပြားသည့်၎င်းတို့လူမျိုးစုများ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့များကိုဗဟိုပြု၍ရပ်ရွာလူထုဦးဆောင်သော ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှုစီမံကိန်းကိုလုပ်ဆောင်ရန် ဖြစ်သည်။

မာတိကာ


- သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်...၁
- ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများကို ပြန်လည်ရှင်သန်စေခြင်းနှင့် လိုက်နာကျင့်သုံးခြင်းအားဖြင့် ဇီဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းခြင်း...၂
- အဓိပ္ပါယ်ပြည့်နက်စွာဖြင့် ရှင်သန်နေသောသဘာဝရေမြေတောတောင်...၃
- ကိုးကွယ်ယုံကြည်မှုနှင့် ပထဝီမြေမျက်နှာသွင်ပြင်များအပေါ်အခြေခံသည့်နက်ရှိုင်းသောဆက်နွယ်မှုများ...၇
- အနာဂတ်တွင် မည်သည့်အစီအစဉ်များကို ရှေ့ဆက်လုပ်ဆောင်ရမည်နည်း။...၈
- အချိန်အခါနှင့်လိုက်လျောညီထွေသည့် မျှော်မှန်းချက်...၁၂



*သောသီခိုတောင်မှ မြင်တွေ့ရသော ဘော့ဂေါ်ခိုတောင်နှင့် တောအူးခရိုင်ရှုခင်း (၂၀၂၀)*

# ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများကို ပြန်လည်ရှင်သန်စေခြင်းနှင့် လိုက်နာကျင့်သုံးခြင်းအားဖြင့် ဇီဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းခြင်း

သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်သည် ဌာနေကရင်တိုင်းရင်းသားများမှ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု ထုံတမ်းအစဉ်အလာများကို လွတ်လပ်စွာလိုက်နာကျင့်သုံးထိန်းသိမ်းရင်း ၎င်းတို့၏ မြေယာ၊ သဘာဝနှင့် ဇီဝမျိုးကွဲသယံဇာ တများကိုလည်း ရေရှည်တည့်တံ့စွာ စီမံခန့်ခွဲခွင့်ရှိစေမည့် နေရာအကျယ်အဝန်းတစ်ခုကို တည်ထောင်ဖန်တီးပေးရန် ရည်ရွယ်သည်။

ဤရည်ရွယ်ချက်ကိုရောက်ရှိရန်အတွက် သောသီတောအူးဌာနေတိုင်းရင်းသားဥယျာဉ်၏လုပ်ငန်းစဉ်များကို အောက်ပါအတိုင်းချမှတ်ထားသည်။

၁။ တောအူးဌာနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုများနှင့် ကမ္ဘာမြေကြီးနှင့် သက်ဆိုင်သည့် ၎င်းတို့၏ ဌာနေအသိပညာအမြင်များကို ပြန်လည်ရှင်သန်လာစေခြင်းနှင့် ကာကွယ်ခြင်း။

၂။ ဌာနေတိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နယ်မြေနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ အုပ်ချုပ်ရေးစနစ်နှင့်စီမံခန့်ခွဲမှုများကို အားကောင်းလာစေခြင်း။

၃။ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိ မတူကွဲပြားသော ဇီဝယဉ်ကျေးမှု (လူသားနှင့်သဘာဝတို့အကြားရှိ အပြန်အလှန်ရင်းနှီးဆက်နွယ်မှု) များကို ထိန်းသိမ်းခြင်းဖြင့် ဤနယ်မြေ၏ကြွယ်ဝသော ဂေဟစနစ်ကြီးအားထာဝစဉ် ရှင်သန်လည်ပတ်စေလျှက် ထိုမှရရှိသောအကျိုးကျေးဇူးများကို လက်ရှိနှင့်အနာဂတ်မျိုးဆက်နှစ်ခုလုံး အကျိုးခံစားနိုင်အောင် လုပ်ဆောင်ခြင်း။

၄။ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းနေထိုင်ကြသော ဌာနေတိုင်းရင်းသားများမှ တာရှည်ခံဖွံ့ဖြိုးရေး အစီအစဉ်များကို ၎င်းတို့ကိုယ်တိုင်သတ်မှတ်ဆုံးဖြတ်နိုင်ရန် လမ်းဖွင့်ပေးခြင်း။



သောသီခိုတောင်မှ မြင်တွေ့ရသော ဘွော်ဂေါ်ခိုတောင်နှင့် တောအုန်းခရိုင်ရှုခင်း (၂၀၂၀)

## အဓိပ္ပါယ်ပြည့်နက်စွာဖြင့် ရှင်သန်နေသောသဘာဝရေမြေတောတောင်

သောသီတောအုန်းဌာနေတိုင်းရင်းသားများ ဥယျာဉ်သည် အရေးပါသော ကရင်ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပြည့်စုံပြီး၊ တောရိုင်းတိရစ္ဆာန်မျိုးစုံတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ သောသီဘွော်ဂေါ်ခို၊ ဘွယ်ဟီခို (နော်ဘူဘောဆုတောင်း ပြည့်တောင်)၊ ကီးခူခို၊ ထီးရူခို၊ ဃီယေးဒေါ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဖီးသူးခို၊ ဘောမူခို၊ လိုစမော်ခို၊ လူထိုးခို၊ သဲ့ကူးခိုနှင့် ပနာစိုးခိုတို့သည် သောသီတောအုန်းဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းတွေ့ရှိရသော ကရင်လူမျိုးများအတွက် အဓိပ္ပါယ်ရှိပြီး အရေးပါသည့် ဘာသာရေးနှင့် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြစ်သည်။ လဲလို၊ ကဲလို နှင့် ဘဲသောလို မြစ်များသည် ဤဥယျာဉ်ကို ဖြတ်သန်းစီးဆင်းသော ယဉ်ကျေးမှုအရ အရေးပါသည့် မြစ်များလည်း ဖြစ်သည်။ ကျား၊ ပြောင် (guar)၊ တောင်ဆိတ်၊ စိုင် (banteng)၊ ကျွဲရိုင်း (Wild water buffalo)၊ ယုန်နှင့် ငှက်မျိုးစိတ်များကဲ့သို့ ရှားပါးတောရိုင်းတိရစ္ဆာန်များကိုလည်း တောအုန်းခရိုင်ဒေသအတွင်း၌ တွေ့ရှိရသည်။



သောသီတောအုန်းဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းတည်ရှိသော ဃီယေးဒေါ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဒေါင်းငှက်တစ်ကောင်



သောသီတောအုန်းဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိ ယေးဃီဒေါတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲတွင် မြင်ရသည့် တောကြောင်



*မိုနေဘွာဒေသမှ ဌာနေတိုင်းရင်းသူအမျိုးသမီးတစ်ဦးနှင့် မိုထောနာ (မောင်း) ရိုးရာတူရိယာ။*



*ကရင်တိုင်းရင်းသားမျိုးနွယ်စု မော်နေဘွာလူမျိုးနှင့် ကရင်ဖားစည်*

ထို့ပြင် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ရှိ ဌာနေကရင်တိုင်းရင်းသားများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လိုက်နာကျင့်သုံးသူများအဖြစ် မိမိကိုယ်ကိုဂုဏ်ယူလျက်ရှိသူများဖြစ်သည်။ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိကညောဝါး (ကရင်)၊ ကယ်ဘား၊ ပကူး၊ ပကူးမိုနေဘွာ၊ ပကူးတလယ်ဘွာ (စလယ် ဘွာ)၊ မိုဘွာ၊ ဘွဲ နှင့် ကယောကရင်ကဲ့သို့သော ကရင်မျိုးနွယ်စုများအတွက် ရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အလေ့အကျင့်များသည် အလွန်အရေးကြီးသောအရာများဖြစ်သည်။ သုတေသနနှင့် လေ့လာဆန်းစစ်ခြင်းမှတ်တမ်းတစ်ခုအရ သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း၊ အထူးသဖြင့် ထောတထူ (ထန်း တစ်ပင်) မြို့နယ်တစ်ခုတည်းအတွင်း၌ပင် ကရင်ကြေးဖားစည် ၁၂၆ ကောင်နှင့် ကြေးဖြင့်သွန်းလုပ်ထားသော မိုထောနာ (မင်္ဂလာမောင်း) ၁၀ ကောင်ကို ရွာသူရွာသားများက ယခုအချိန်ထိ ထိန်းသိမ်းထားသည်ကို တွေ့ရသည်။ ထို့အပြင် အများသဘောထားရယူမှုနှင့် သဘာဝအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို တန်ဘိုးထားသော မိရိုးဖလာ 'ကော်' စီမံအုပ်ချုပ်ရေးစနစ်ကို သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ထဲရှိ နေရာဒေသများစွာက ကျင့်သုံးကာ မိမိတို့၏ကျေးရွာဒေသကို စီမံအုပ်ချုပ်နေကြသည်ကို တွေ့ရသည်။



*ကရင်ဌာနေတိုင်းရင်းသားများနှင့်  ကရင်ရိုးရာဖားစည်များ (၂၀၂၁ ခုနှစ်)*




ကရင်တိုင်းရင်းသားမျိုးနွယ်စု ကယ်ဘားလူမျိုးနှင့်ရိုးရာဝတ်စုံ (ဓါတ်ပုံ - ကယ်ဘား Affair)



*ကရင်တိုင်းရင်းသားမျိုးနွယ်စု ကယ်ဘားလူမျိုးတို့၏ရိုးရာတူရိယာများ (ဓါတ်ပုံ - ကယ်ဘား Affair)*

# ကိုးကွယ်ယုံကြည်မှုနှင့် ပထဝီမြေမျက်နှာသွင်ပြင်များအပေါ်အခြေခံသည့် နက်ရှိုင်းသော ဆက်နွယ်မှုများ

သောသီတောအုံးဌာနေတိုင်းရင်းသားများဥယျာဉ်သည် ကရင်ပြည်နယ်၏အနောက်မြောက်ဘက်တွင် တည်ရှိပြီး ၎င်း၏ အနောက်ဘက်တွင် ပဲခူးတိုင်း၊ အရှေ့မြောက်ဘက်တွင် ကရင်နီပြည်နယ်နှင့် အရှေ့ဘက်တွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၊ စသည်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်တည်ရှိသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကဲ့သို့ပင် ဤဥယျာဉ်သည်လည်း ကျေးရွာပေါင်းရာချီ (ခန့်မှန်းခြေ ၂၅၁ ရွာ) ပါဝင်သည့် ကြီးမားကျယ်ပြန့်သောနယ်မြေဧရိယာ (၁,၄၂၁,၉၆၇ ဧက/ ၅၇၅,၄၅၀ ဟက်တာ/ ၅,၇၅၄ စတုရန်းကီလိုမီတာ အကျယ်အဝန်း) ကို လွှမ်းခြုံမည် ဖြစ်သည်။ သောသီတောအုံးဌာနေတိုင်းရင်းသားများဥယျာဉ်သည် ကရင်နီ (ကယား) ပြည်နယ်က သောသီဘော့ဂေါ် ငြိမ်းချမ်းရေးဥယျာဉ်နှင့် မူတြော်ခရိုင်ဘက်က သံလွင်ငြိမ်းချမ်း




*အဆိုပြုထားသော သောသီတောအုံး ဌာနေတိုင်းရင်းသားများဥယျာဉ်နယ်နိမိတ်*

ရေးဉယျာဉ်တို့နှင့် ပထဝီမြေနယ်နိမိတ် အရရောယှံကြည်ကိုးကွယ်မှုအရပါ ထိစပ်ဆက်နွယ်မှုများရှိသလို ဤဌာနေတိုင်းရင်းသားတို့စီမံခန့်ခွဲရာဉယျာဉ်သုံးခုထိစပ်ရာနေရာ၌ ဌာနေလူထုတို့အတွက် အလွန်အရေးပါပြီး အထွတ်အမြတ်ထားရာဘုန်းကြီးသည့်သောသီခိုတောင်လည်းတည်ရှိနေသည်။


မြေယာနှင့်သစ်တောစီမံခန့်ခွဲရေးများအတွက် မိရိုးဖလာ "ကော်" အုပ်ချုပ်ရေးစနစ်များ ပြန်လည်အသက်သွင်းရေးအစည်းအဝေး

## အနာဂတ်တွင် မည်သည့်အစီအစဉ်များကို ရှေ့ဆက်လုပ်ဆောင်ရမည်နည်း။

သံလွင်ငြိမ်းချမ်းရေးဉယျာဉ်တွင်လုပ်ဆောင်ခဲ့သည့်အတိုင်းပင်သောသီတောအူးဌာနေတိုင်းရင်းသားများဉယျာဉ်၏ မျှော်မှန်းချက်များကို ကဏ္ဍပေါင်းစုံမှအများပြည်သူနှင့်အဖွဲ့စည်းများက ကျယ်ကျယ်ပြန့်ပြန့် ပါဝင်အကောင်အထည်ဖော်လုပ်ဆောင်သည်။ ဒေသခံခေါင်းဆောင်များ၊ ရပ်ရွာလူထုအဖွဲ့ဝင်များနှင့် အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် (၂၉) ဦးဖြင့်ဖွဲ့စည်းထားသောလုပ်ငန်းဖြစ်မြောက်ရေးကော်မတီကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ ၎င်းကော်မတီသည် ဌာနေတိုင်းရင်းသားလူမျိုးများဉယျာဉ် တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းဆောင်တာများကို ကြီးကြပ်ရန်နှင့်ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသည်။ အနာဂတ်တွင် သောသီတောအူးဌာနေတိုင်းရင်းသားများဉယျာဉ်ကို ရပ်ရွာလူထု၊ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးနှင့် ကရင်အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များ ပါဝင်သည့် အထွေထွေညီလာခံ (General Assembly) က အုပ်ချုပ်စီမံမည်ဖြစ်သည်။ လက်ရှိအကာအကွယ်ပေးထားသည့် သစ်တောဧရိယာများဖြစ်သည့် သစ်တောကြိုးဝိုင်း (Reserved Forests)၊ ကျေးရွာပိုင်ဘုံသစ်တောများ (Community Forests)၊ နှင့်


ကလေထာကျေးရွာပိုင်ဘုံသစ်တောနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး






မွိုးလိုယဲဒဲ"ကော်"ဘိုးဘွားမြေ ပြန်လည်အသက်သွင်းရေးဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်းအစည်းအဝေး

တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (Wildlife Sanctuaries) ကဲ့သို့သော ကာကွယ်တောများကို သောသီတောအုံးဌာနေတိုင်းရင်းသားများဥယျာဉ်၏ အစိတ်အပိုင်းများအဖြစ် ထည့်သွင်းထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

သောသီတောအုံးဌာနေတိုင်းရင်းသားများဥယျာဉ်ဖြစ်မြောက်ရေးအတွက်လုပ်ငန်းများစွာကို ဆက်လက်လုပ်ဆောင်ရဦးမည်ဖြစ်သည်။ လက်ရှိတွင် သောသီတောအုံးဌာနေတိုင်းရင်းသားများဥယျာဉ်ဖြစ်မြောက်ရေးအတွက် ကဏ္ဍအသီးသီးမှ ပါဝင်သူအားလုံးကစုပေါင်းပြီး အောက်ပါလုပ်ငန်းစဉ် (၅) ခုကို ပြီးမြောက်ရန် ဦးတည်အကောင်အထည်ဖေါ်ဆောင်ရွက် လျက်ရှိသည်။

## ၁။ သောသီတောအုံးဌာနေတိုင်းရင်းသားများဥယျာဉ်၏ နယ်နိမိတ်သတ်မှတ်ခြင်းနှင့်မြေပုံရေးဆွဲခြင်းလုပ်ငန်းများကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း။

ဒေသခံများနှင့် KNU အာဏာပိုင်များသည် ဥယျာဉ်၏အပြင်ဘက်နယ်နိမိတ်အများစုကို တရားဝင်တိုင်းတာပြီးသားဖြစ်သည်။ ဤသို့နယ်နိမိတ်တိုင်းတာခြင်းသည် အထူးအရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အကြောင်းမှာ ဤဥယျာဉ်၏ နယ်နိမိတ်သည် ရောနှောအုပ်ချုပ်ရေးနယ်မြေ နှင့်/သို့မဟုတ် ကရင်နီပြည်နယ်တို့နှင့် ထိစပ်သောအပိုင်းများရှိသောကြောင့်ဖြစ်သည်။ နယ်နိမိတ်သတ်မှတ်ခြင်းနှင့် ပတ်သက်သောပဋိပက္ခဟူသမျှကို ကြားနာဆွေးနွေးဖြေရှင်းပြီးစီးသည့်နောက် ဥယျာဉ်၏မြေပုံများကို ရေးဆွဲကာ ရပ်ရွာလူထုဒေသခံများနှင့် KNU အဖွဲ့ဝင်များဆီသို့ဝေမျှသွားပြီး ၎င်းတို့၏ပါဝင်စီစစ်မှုများနှင့်အတူ တိကျမှန်ကန်သောနယ်နိမိတ်များကို မှတ်တမ်းတင်သတ်မှတ်ထားနိုင်အောင် ဆောင်ရွက်သွားမည်။

## ၂။ ဒေသ၏ယဉ်ကျေးမှုနှင့် သမိုင်းကို စနစ်တကျ မှတ်တမ်းရယူခြင်းနှင့် မှတ်တမ်းတင်ခြင်း။

ဤဥယျာဉ်ထဲရှိ ဌာနေကရင်တိုင်းရင်းသားများအား သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာနေထိုင်ကျင့်ကြံပြီး ၎င်းတို့ နှင့်သက်ဆိုင်သော သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့စေသော နည်းများဖြင့် ထိန်းသိမ်းသုံးယူခြင်းအားဖြင့် ၎င်းတို့၏နေ့စဉ်ဘဝနှင့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၎င်းတို့မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းလိုက်နာ ကျင့်သုံးလာသော အတွေ့အကြုံနှင့်အသိပညာများက ၎င်းတို့အား ကြီးကြပ်လမ်းညွှန်ပေးသည်။ လက်ရှိတွင် ဤဥယျာဉ်အတွင်းရှိသော အထက်ပါလိုက်နာကျင့်သုံးမှုများနှင့် ယုံကြည်သက်ဝင်မှုအရ အထွတ်အမြတ်ထားရာနေရာများကို မှတ်တမ်းတင်ပြုစုရန် ရပ်ရွာအခြေပြုသုတေသနများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ဤပဏာမအဆင့်သုတေသနပြီးစီးပါက ရရှိလာသောတွေ့ရှိချက်များကို အတည်ပြု

ရန်နှင့် တဆက်တည်းတွင် ဌာနေကရင်တိုင်းရင်းသားများ၏ ရိုးရာနှင့် ဓလေ့ထုံးတမ်းများကို မည်သို့မြှင့်တင်ပံ့ပိုးသွားမည်ကို အစီအစဉ်များချပြရှင်းလင်းရန် လူထုတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်သွားမည် ဖြစ်သည်။

### ၃။ ရပ်ရွာလူထုအဖွဲ့ဝင်များအား ၎င်းတို့၏အခွင့်အရေးနှင့်ရပိုင်ခွင့်များမည်သို့ရှိသည်နှင့်ပတ်သက်၍ အသိပညာမြှင့်တင်ပေးခြင်း။

သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိ ဌာနေတိုင်းရင်းသားများတွင် မည်သည့်အခွင့်အရေးများရှိပြီး ထိုအခွင့်အရေးများကို မည်သို့ရယူရမည်ကို ၎င်းတို့နားလည်သိရှိစေရန် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ လုပ်ငန်းဖြစ်မြောက်ရေးကော်မတီနှင့် ကရင်အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်တို့မှ FPIC ခေါ် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဌာနေတိုင်းရင်းသားအခွင့်အရေးများ၊ နှင့် KNU ၏ မြေယာနှင့် သစ်တောမူဝါဒများ၊ အစရှိသောခေါင်းစဉ်များကိုလွှမ်းခြုံသည့်သင်တန်းများကို ပို့ချပေးရန်စီစဉ်သည်။

### ၄။ မြေယာနှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်သဘောတရားများအတွက် သုတေသနလုပ်ဆောင်ခြင်းနှင့် မှတ်တမ်းတင်ပြုစုခြင်း။

ဒေသခံဌာနေကရင်လူထုများသည် ၎င်းတို့၏မြေယာနှင့်သဘာဝသယံဇာတများကို မျိုးဆက်ပေါင်းများစွာ ထိထိရောက်ရောက်စီမံခန့်ခွဲလာခဲ့သော်လည်း ၎င်းတို့လိုက်နာကျင့်သုံးအကောင်အထည်ဖော်လာခဲ့သည့် အဆိုပါလမ်းညွှန်မှုများနှင့် စည်းမျဉ်းစည်းကမ်းများစွာကို စာပေနှင့်တကွ ရေးသားမှတ်သားထားခြင်းမရှိပေ။ ထို့ကြောင့် ဤသောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ အုပ်ချုပ်ရေးကော်မတီမှ နယ်မြေအသီးသီးရှိ အများလက်ခံသဘောတူထားသော ဓလေ့ထုံးတမ်းနှင့်လိုက်နာကျင့်သုံးမှုများကို ကြီးကြပ်စီမံထိန်းသိမ်းသွားနိုင်ရန်အတွက် ဓလေ့ထုံးတမ်းစည်းမျဉ်းစည်းကမ်းမှတ်တမ်း တင်ခြင်းလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။



*မှီးလို ဃဲဒဲ ကော် (ဘိုးဘွားမြေ) ကို ပြန်လည်အသက်သွင်းရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်စဉ်*



*သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်နှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တို့၏နယ်နိမိတ်ကို အတည်ပြုနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်စဉ်*

## ၅။ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ အခြေခံဥပဒေကိုရေးဆွဲပြီး လူထုဆန္ဒခံယူပွဲကျင်းပခြင်း။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တွင်ပြုလုပ်ခဲ့သည့်နည်းတူ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ကို တရားဝင်အတည်ပြုကြေငြာခြင်းမပြုမီ ဥယျာဉ်အတွက် အခြေခံဥပဒေရေးဆွဲခြင်းနှင့်အတည်ပြုပြဌာန်းခြင်းများကို လုပ်ဆောင်သွားမည်။ ဤဥယျာဉ်ကြီး၏ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ရေးကို အဆိုပါအခြေခံဥပဒေက လမ်းညွှန်ကြီးကြပ်ပေးမည်။ ဤလုပ်ငန်းစဉ်ကို ပံ့ပိုးရန်နှင့် အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် အခြေခံဥပဒေရေးဆွဲရေးကော်မတီကို ဖွဲ့စည်းသွားမည်။ အခြေခံဥပဒေ မူကြမ်းရေးဆွဲပြီးနောက် လူထုဆန္ဒခံယူပွဲမတိုင်မီ ၎င်းကို လူထုအားမျှဝေချပြသွားမည် ဖြစ်သည်။ ဤသည်မှာ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိ ရပ်ရွာလူထုများက ဥယျာဉ်၏ဖွဲ့စည်းပုံနှင့်အုပ်ချုပ်မှုပုံစံကို သဘောတူလက်ခံကြောင်း သေချာစေရန် ဖြစ်သည်။ ဥယျာဉ်၏အခြေခံဥပဒေအားအတည်ပြုနိုင်ပြီးနောက်တွင် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ကို ဖွင့်ပွဲနှင့်အတူ တရားဝင်မိတ်ဆက်ကာ အတည်ပြုထုတ်ပြန်ကြေငြာသွားမည်။

# အချိန်အခါနှင့်လိုက်လျောညီထွေသည့် မျှော်မှန်းချက်

မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်အစောပိုင်းကစတင်သော စစ်အစိုးရကအာဏာသိမ်းမှု၏အောက်၌ မတည်မငြိမ်ဖြစ်နေရချိန်တွင် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်သည် လက်တွေ့ကျသော အမြော်အမြင်ကို ချပြပေးသည်။ စစ်အာဏာ ရှင်အလွှာမှ မြန်မာပြည်တနံတလျားရှိ ဒေသခံပြည်သူများ၏ ဆန္ဒများနှင့်မျှော်မှန်းချက်များကို လေးစားမှသာလျှင် နိုင်ငံရေးတည်ငြိမ်နိုင်မည်ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်ကဲ့သို့ပင် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်သည် ဒေသခံဌာနေကရင်လူထုများ၏ အမြော်အမြင်၊ ဓလေ့ထုံးတမ်း၊ နှင့် စီမံအုပ်ချုပ်မှုများကို ကမ္ဘာ့အလယ်ထုတ်ပြန်ကြေငြာအတည်ပြုမည်ဖြစ် သည်။ လူမဆန်သောဗမာ့တပ်မတော်၏ ရက်စက်ကြမ်းကြုတ်မှု၊ နိုင်ထက်စီးနင်းပြုမှုနှင့် အတ္တကြီးမှုများနှင့် ဆန့်ကျင်ကာ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်သည် ဒီမိုကရေစီ၊ ဖက်ဒရယ်စနစ်၊ နှင့် သဘာဝ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးများပေါ်အမြစ်တွယ်သော ရိုးရာယဉ်ကျေးမှုထုံးတမ်းအစဉ်အလာ အမြော်အမြင်များကို ဦးထိပ်ထားလျှက် ဒေသခံဌာနေတိုင်းရင်းသားများ၏ ဆန္ဒ၊ ရိုးရာဓလေ့များနှင့် ၎င်းတို့ ၏ ကမ္ဘာကြီးနှင့်ဆိုင်သော ဌာနေအသိပညာအမြင်တို့အား အလေးထားအသိအမှတ်ပြုသည့် နေရာတစ်ခုကို ဖန်တီးမည်ဖြစ်ပါသည်။

နောက်ဆုံးတွင် တောအူး (တောင်ငူ) ဒေသရှိ ဌာနေကရင်တိုင်းရင်းသားလူမျိုးများက ၎င်းတို့လိုအပ် သည့်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောရေးပုံစံကို ၎င်းတို့ကိုယ်တိုင် သတ်မှတ်ရေးဆွဲဖော် ဆောင်ခွင့်ရှိမည့် ကမ္ဘာလေးတစ်ခုကိုဖန်တီးနိုင်ရန် မျှော်မှန်းကြသည်။ ဤသောသီတောအူးဌာနေတိုင်းရင်း သားများဥယျာဉ်ကိုတည်ထောင်ခြင်းက ၎င်းတို့၏ အဆိုပါမျှော်မှန်းချက်များကို ပြီးပြည့်စုံလာစေမည့် အရေးကြီး သောခြေလှမ်းသာ ဖြစ်ပါတော့သည်။

